ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
တန့်ယန်းမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၂၂–၂၀၃၃)

(Village Development Project)

နားဟုတ်ကျေးရွာအုပ်စု ၊လွယ်ပန်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လွယ်ပန်ကျေးရွာ၊ တန့်ယန်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	၄
	လွယ်ပန်ကျေးရွာသယံဇာတပြမြေပုံ၊ တန့်ယန်းမြို့နယ်	၆
	လွယ်ပန်ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ တန့်ယန်းမြို့နယ်	၇
	လွယ်ပန်ကျေးရွာနှင့်အဖွဲ့အစည်းများဆက်စပ်မှုပြမြေပုံ၊တန့်ယန်းမြို့နယ်	၈

အပိုင်း(က) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။	**တည်နေရာနှင့်ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၉
၃။	**လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၀
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာစိမ်ခန့်ခွဲမှုအခြေအနေ**	၁၀
၅။	**စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**	၁၁
	(က) သီးနှံစိုက်ပျိုးရေး	၁၁
	(ခ) မွေးမြူရေးလုပ်ငန်း	၁၂
	(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၁၂
	(ဃ) ရွှေ့ပြောင်းလုပ်သားများ	၁၂
	(င) ကုန်စည်နှင့်ဝန်ဆောင်မှုစွေးကွက်	၁၃
	(စ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ	၁၃
၆။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	၁၃
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၃
	(ခ) ကျေးရွာမီးလင်းရေး	၁၃
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၃
၇။	**ပညာရေး**	၁၃
၈။	**ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**	၁၃
၉။	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၄
၁၀။	**ကျား/မရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၄
၁၁။	**ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**	၁၄
၁၂။	**ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး**	၁၅
၁၃။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၆

အပိုင်း(ခ)စီမံချက်ဆိုင်ရာအချက်အလက်

	စီမံချက်အဆိုပြုလွှာ(၁)	၁၇
	နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးကော်မတီဝင်များ စာရင်း	၁၉
	နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၀
	နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၅၈

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂-၂၀၂၃ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၆ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစာပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း (၂)ပိုင်း ပါရှိပါသည်။ အပိုင်း (က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ ၊

ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။


ဒီဇင်ဘာလ ၂၀၂၂ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လွယ်ပန်ကျေးရွာ
တန့်ယန်းမြို့နယ်

လွယ်ပန်ကျေးရွာသယံဇာတပြမြေပုံ၊ တန့်ယန်းမြို့နယ်



လွယ်ပန်ကျေးရွာရာသီခွင်ပြပြကွဒိန် ၊ တန့်ယန်းမြို့နယ်




လွယ်ပန်ကျေးရွာ ရာသီခွင်ပြပြကွဒိန်

အဓိကခြင်းစာရာ	Jan	Feb	March	April	May	June	July	Aug	Sep	Oct	Nov	Dec
လယ်				ကောက်ညှာ			စပါး	စပါး				
ကျန်းမာရေး							ကျောက်တွေး၊ ကျောက်ကြောက်	ကျောက်တွေး၊ ကျောက်ကြောက်				
ထွက်ငွေကြေး				$	$$$ $$$	$$$ $$$	$$$ $$$	$$ $	$	$	$	$
သဘာဝဘေးအန္တရာယ်					လေပြင်း၊ မိုးသက်မုန်တိုင်း							
ဝမ်းဗိုက်ကိုက်ခြင်း												
ပွဲတော်			တပေါင်းပွဲ	သင်္ကြန်ပွဲ						သီတင်းကျွတ်ပွဲ	ကထိန်ပွဲ	နှစ်သစ်ကူးပွဲ

Scanned with CamScanner

လွယ်ပန်ကျေးရွာအဖွဲ့အစည်းများနှင့် ဆက်စပ်မှုပြမြေပုံ ၊ တန့်ယန်းမြို့နယ်



Scanned with CamScanner

အပိုင်း(က)

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

လွယ်ပန်ကျေးရွာသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ၊ လားရှိုးခရိုင် ၊ တန့်ယန်းမြို့နယ် နားဟုတ်အုပ်စုတွင်ပါဝင်သောကျေးရွာဖြစ်ပါသည်။ လွယ်ပန်ကျေးရွာသည် တန့်ယန်းမြို့နှင့် (၂၃)မိုင် ခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသည်။ ကျွန်ုပ်တို့ကျေးရွာသည် မန်ကတ်၊ ကျေးရွာနှင့်နယ်နိမိတ်ချင်းထိစပ်နေသည်။ တောင်ကုန်း၊ တောင်တန်းပေါ်တွင် တည်ရှိသောကျေးရွာ ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ကျေးရွာ၏ ရာသီဥတုအနေအထားမှာအေးမြစိုစွက်သော ရာသီဥတုဖြစ်ပါသည်။ ကျေးရွာ၏ စိုက်ပျိုးနိုင်သောမြေဧကမှာ လယ်မြေ/ တောင်ယာမြေ (၈၄၈)ဧကရှိပါသည်။ တောင်ယာ မြေလုပ်ကိုင်သူများပြားပါသည်။ အချို့ယာမြေများမှာ ပုံစံ(၇) မရသေးသူများပြားကြောင်း တွေ့ရှိရ ပါသည်။ လယ်မြေလုပ်ကိုင်သူအတင့်အတင့်များကြောင်းလေ့လာတွေ့ရှိရသည်။ မြေဆီလွှာများမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင်အဓိကအားဖြင့်လက်ဖက်စိုက်ပျိုးခြင်း၊ တစ်ပိုင် တစ်နိုင်မွေးမြူရေးနှင့်စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းမှုပြုပါသည်။ ဒေသ၏ တစ်နှစ်ပျှမ်းမျှမိုးရေချိန်မှာ လက်မ ၄၀ မှ ၈၀ ထိရှိပြီး စိုက်ပျိုးရေးအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာ တောင်ဇောင်းများတွင်လက်ဖက်နှင့် တောင်ယာမြေ အချို့စိုက်ပျိုးထားရှိပါသည်။ ရွာမြေသည်တောင်ကုန်း၊တောင်တန်းများသောမြေအနေ အထားဖြစ် ပါသည်။ ကျေးရွာမှထွက်ရှိသော လက်ဖက်များကိုတန့်ယန်းမြို့သို့ သွားရောက်ရောင်းချရပါသည်။ လယ်မြေနှင့်တောင်ယာ အသင့်အတင့်ရှိပြီး ကုန်းမြေပြန့်ဖြစ်ကာ မြေဆီမြေလွှာအသင့်အတင့် ကောင်းမွန်သော်လည်း ခါတ်မြေဩဇာအနည်းငယ်ထည့်ဝင် စိုက်ပျိုးလျက်ရှိပါသည်။စိုက်ပျိုးရေး အတွက်မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးလျက်ရှိပါသည်။ သောက်သုံးရေကိုကျေးရွာအနီးရှိ စိမ့်စမ်းရေကိုသွယ်တန်း သုံးစွဲရပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

လွယ်ပန်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၅၁၀) စု နှင့် ကျား (၁၄၈၅)ဦး ၊ မ(၁၄၁၈)ဦးဖြင့် လူဦးရေစုစုပေါင်း(၂၉၀၇)ဦး နေထိုင်လျက်ရှိပြီး ပျှမ်းမျှအိမ်ထောင်စုတစ်စုလျှင်(၅.၇)ဦးရှိပြီး နိုင်ငံ တော်၏ တစ်အိမ်ထောင်ပျှမ်းမျှ(၆)ဦးနှင့် ညီမျှပါသည်။ ကျေးရွာတွင်အဓိကအားဖြင့်ပလောင်၊ လူမျိုးများအများအားဖြင့်နေထိုင်ပါသည်။ ကျေးရွာလူဦးရေစုစုပေါင်း၏(၇၅%)မှာ အလုပ်လုပ်ကိုင် နိုင်သောအရွယ်ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သောအမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေမှာ အချိုး တူညီပါသည်။ မွေးကင်းစကလေးအများစုကာကွယ်ဆေးထိုးနှံမှုနည်းကြပါသည်။ ကျောင်းနေအရွယ် ကလေးများကိုလည်းအများအားဖြင့်ကျောင်းမထားပါ။ လူကြီးများသည်လည်း ကာလအလိုက် မိမိလုပ်ငန်းလုပ်ကိုင်သူများပါသည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် လက်ဖက်ခူးခြင်းနှင့်စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေနှင့် မိသားစုဝင်ငွေအနေအထားမှာ မိသားစုအများစုသည်စားသောက်ရန်လောက်ငရုံမျှသာရှိပြီးအိမ်ထောင်စု အနည်းငယ်သာလျှင် ပိုလျှံပါသည်။ အိမ်ထောင်စုအလိုက် ဓနအဆင့် သတ်မှတ် မှုများတွင် အိမ်ထောင်စုအားလုံး၏(၆၂.၅%)သည် ဆင်းရဲသော အိမ်ထောင်စုအဖြစ် ခံယူကြပြီး (၃၇.၅%)မှာ အလယ်အလတ်အဆင့်သာရှိကြောင်း ကောက်ယူရရှိပါသည်။ ကျေးရွာတွင်းတွင် ကိုယ်စီကိုယ်ငှ မြေယာပိုင်ဆိုင်မှုရှိပြီး ၊ ၂.၅ ဧကအောက်ပိုင်ဆိုင်သော ဆင်းရဲသည့် အိမ်ထောင်စု(၄၉၀)စု၊ ၅ဧကအောက်ပိုင်ဆိုင်သော အိမ်ထောင်စု(၁၈)စု၊ ၁၂ဧက အောက်ပိုင်ဆိုင်သော အိမ်ထောင်စု(၂)စု နှင့် ၁၂ဧကအထက်ပိုင်ဆိုင်သော အိမ်ထောင်စုမရှိပါ ။ မိမိပိုင် လယ်မြေများတွင် စပါး၊ ပြောင်း၊ နှင့်ရာသီပေါ်သီးနှံများစိုက်ပျိုး၍လည်းကောင်းနွားနှင့်ကြက်၊ မွေးမြူရေးလုပ်ငန်းဖြင့်လည်းကောင်း အသက် မွေးဝမ်း ကျောင်းပြုကြပါသည်။ကျွန်ုပ်တို့ကျေးရွာ၏ အခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင်ဆန်းစစ်သုံးသပ်အကဲဖြတ်သောနည်းလမ်းများအရ အဆင်ပြေသော အိမ်ထောင်စု(၂.၆)ရာခိုင်နှုန်းအလယ်အလတ်ရှိသော အိမ်ထောင်စု(၇၈)ရာခိုင်နှုန်း၊ မပြေလည်သော အိမ်ထောင်စု(၁၉.၄)ရာခိုင်နှုန်းရှိပါသည်။ အဆင်ပြေသောအိမ်ထောင်စုများမှာ မြေယာပိုင်ဆိုင်မှုများပြားပြီး အလွန်ကောင်းသောအိမ်ပိုင်ဆိုင်ခြင်း၊ ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှုရှိခြင်း၊ စီးပွားရေးအလွန်အဆင်ပြေခြင်းကြောင့် အဆင်ပြေသောအိမ်ထောင်စုအဖြစ်သတ်မှတ်ကြသည်။အလယ်လတ်ရှိသောအိမ်ထောင်စုများမှာ လယ်နှင့်ယာပိုင်ပြီးတိုက်အိမ်ဖြင့် နေထိုင်နိုင်သောအိမ်ထောင်စုများဖြစ်သည်၊ မပြေလည်သော အိမ်ထောင်စုများမှာ မြေယာပိုင်ဆိုင်မှုနည်းပြီး စီးပွားရေးဝင်ငွေနည်းပါးခြင်းကြောင့် မပြေလည်သောအိမ်ထောင်စုများဖြစ်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ဆင်းရဲသားတောင်သူအများစု နေထိုင်ပြီး လက်ဖက်ခူးချိန်နှင့် စပါးသိမ်းချိန်ရောက်မှရောင်းချကြပါသည်။ ကျေးရွာမှဆင်းရဲသောအိမ်ထောင်စု(၃၆%)အား စစ်တမ်းကောက်ရာတွင် လက်ဖက်ခူးခြင်းလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးခြင်းဆောင်ရွက်ပြီး ဝမ်းစာဖူလုံကြောင်းသိရှိရပါသည်။ အကြွေးတင်ရှိမှုငွေပမာဏတွင် စစ်တမ်းကောက်ယူထားရှိသောအိမ်ထောင်စုများတွင်ချေးငွေကျပ်(၁)သိန်းမှကျပ်(၂)သိန်းအထိအကြွေးတင်ရှိကြောင်းနှင့်အများစုမှာဆွေမျိုးနှင့် ငွေတိုးချေးယူ၍ အဓိကအားဖြင့် အစားအစာစားသုံးရန်အတွက်နှင့် လုပ်ငန်း အတွက်ရင်းနှီးမြှုပ်နှံရန် ချေးယူကြခြင်းဖြစ်ပါသည်။ အိမ်ထောင်စုအားလုံး၏(၃၆%)သည်ဆင်းရဲသည်ဟုဆိုရသော်လည်းဝမ်းစာဖူလုံယုံလောက်အဆင်ပြေကြောင်းတွေ့ရှိရပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှုအခြေအနေ

ကျွန်ုပ်တို့ကျေးရွာရှိလူငယ်အသင်းမှသာရေး၊ နာရေးကိုတက်ကြွစွာဆောင်ရွက်ကြပါသည်။အမျိုးသမီးအသင်းမှရပ်ရွာဓလေ့၊ ရိုးရာအက၊ ရိုးရာအစားအစာများ မပျောက်ပျက်အောင်ဆောင်ရွက်ကြပါသည်။ ရပ်မိ၊ရပ်ဖများသည်ကျန်းမာရေး၊ လုံခြုံရေးများကိုလည်းအခါအားလျော်စွာတွေ့ဆုံ၍စည်းဝေးပေးပါသည်။ အမျိုးသမီးအသင်းသည်သာရေး၊ နာရေးများတွင်လည်းလိုအပ်ချက်များအလိုက် ဆောင်ရွက်ပေးကြပါသည်။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်ပါသည်။ စိုက်ပျိုးမြေဧရိယာပေါင်း (၈၉၃) ဧကရှိပါသည်။ အဓိကစိုက်ပျိုးသီးနှံမှာ လက်ဖက်၊ စပါးနှင့်တို့ကိုစိုက်ပျိုးပါသည်။ မြေဆီလွှာအရည်အသွေးမှာ မြေဩဇာမထည့်ဘဲစိုက်ပျိုး၍ရသောနေရာများလည်းရှိပါသည်။ အချို့တောင်သူများသည် တောင်ယာမြေများရှိသော်လည်း အရင်းအနှီးမလုံလောက်ခြင်း ။ အလုပ်သမား ငှားရမ်းခ မတတ်နိုင်ခြင်းတို့ကြောင့်မစိုက်ပျိုးနိုင်ပါ။ ကျေးရွာမှထွက်သောလက်ဖက်များကိုပွဲရုံနှင့် တန့်ယန်းမြို့ပေါ်သို့ သွားရောက်ရောင်းချကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာ ပိုင်ဆိုင်မှုမှာ စက်ကိရိယာပိုင်ဆိုင်သည့်အိမ်ထောင်စုအနည်းငယ်သာရှိပြီး အများစုမှာနီးစပ်ရာရင်းနှီးသောတောင်သူများမှ ငှားရမ်းအသုံးပြုကြသည်။ ထိုသို့ငှားရမ်းသုံးစွဲရာတွင်ငှားရမ်းခမယူဘဲ ဝိုင်းလုပ်ဝိုင်းစားသဘောဖြင့်သာကူညီဆောင်ရွက်ကြပါသည်။ တစ်ချို့သောအိမ်ထောင်စုများသည် စက်ကိရိယာများဝယ်ယူရန်ငွေကြေးမတတ်နိုင်ခြင်းကြောင့် မိမိလုပ်အားဖြင့်သာ ကြိုးစားစိုက်ပျိုးကြသည်။ ကျေးရွာ၏ ရာသီဥတုမှာ အအေးလွန်ကဲခြင်း ဖြစ်တတ်ပါသည်။တောင်သူများသည် အရင်းအနှီးမတတ်နိုင်ခြင်း၊ နည်းပညာဝန်ဆောင်မှုများ မရရှိခြင်းကြောင့် ယာမြေများကိုပြည့်ဝစွာ အသုံးချနိုင်မှုမရှိပါ ။လိုအပ်သည့်အချိန်တွင်ချေးငွေများအလွယ်တကူမရရှိနိုင်ပါ။ စိုက်ပျိုးရေးအဖြစ် မိုးရေကိုသာအဓိကအားကိုး၍စိုက်ပျိုးရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ရွာတွင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများရှိပြီး စုစုပေါင်းကြက်(၂၃၁)ကောင်၊ နွား(၃၀၃)ကောင်နှင့်ကျွဲ(၂၄၃)ကောင်၊ ဝက်(၁၃၆)ကောင်၊ ဘဲ(၅၀)မွေးမြူထားကြောင်းလေ့လာတွေ့ရှိရသည်။ ကျွန်ုပ်တို့ကျေးရွာတွင်ကျွဲ၊ နွားများကိုတောထဲ၌ လွှတ်ထားပြီး ထိန်းကျောင်းမွေး မြူကြပါသည်။ သီးသန့်စားကျက်မြေဟူ၍မရှိပါ။ ကြက်များကို အိမ်ခြံဝင်းအတွင်း၌ ခြံခတ်၍သော်လည်းကောင်း လွှတ်ထား၍သော်လည်းကောင်း မွေးမြူကြသည်။ ကြက်နှင့်နွားများကိုပိုမွေးမြူကြသည်။ တိရစ္ဆာန်များအားကြိုတင်ကာကွယ်ဆေးထိုး နှံမှုမရှိပါ။ ရောဂါဖြစ်ပွားမှုသာသဘာဝနည်းဖြင့်သာ ကုသကြသည်။ တိရစ္ဆာန်နှင့်ပတ်သက်သောဆေးဝါး အလွယ်တကူမရရှိနိုင်။ စားကျက်မြေ ရှားပါးခြင်း မွေးမြူရေးအစာနှင့်ဆေးဝါး စသည်တို့ ကိုဝယ်ယူသုံးစွဲရသောကြောင့်အကျိုးအမြတ်နည်းပါးသည်။ ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းအားမိမိခြံဝင်းအတွင်း ခြံခတ်၍မွေးမြူ

ကြသည်။ မွေးမြူရေးအတွက်ချေးငွေများရရှိလာမည်ဆိုပါက လက်ရှိမွေးမြူရေးထက်ပိုမို ကျယ်ပြန့်စွာမွေးမြူလာနိုင်မည်ဖြစ်သည်။ နွားကျွဲများကိုအကောင်းဘေးပေါ်မူတည်၍ ပေါက်စေးနှုန်းအတိုင်းရောင်းချရသည်။မွေးမြူရေးနှင့် ပတ်သတ်သောနည်းပညာများ နည်းလမ်းများအားနည်းသောကြောင့် မိရိုးဖလာနည်း များကိုဆက်လက်ကျင့်သုံးကြသည်။ ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှုများရရှိခဲ့လျှင် ပို၍စီး ပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဟု သုံးသပ်မိသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိပြီး ၊ ကျဘမ်းအလုပ် ၊ ပန်းရံလက်သမား အင်္ဂါးလိုက်သည့် လုပ်ငန်းများ၊ ဆိုင်ကယ်ပြုပြင်ခြင်းဖြင့်လည်း အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ စားဝတ်နေ ရေးအတွက် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း လုပ်ကိုင် သူနည်းပါးပြီး စိုက်ပျိုးမွေးမြူရေးကိုသာ အဓိကထားလုပ်ကိုင်ကြသည်။ ထို့ကြောင့် ဝင်ငွေရလုပ်ငန်းများ မှာလည်း ပြောင်းလဲမှုများ နှင့် ရင်ဆိုင်နေရသည်။ အသက်မွေးဝမ်းကျောင်း ပညာနှင့် နည်းပညာဆိုင်ရာဝန်ဆောင်မှုများ လိုအပ်လျက်ရှိသည်။ အခြားဝင်ငွေရလုပ်ငန်းအဖြစ် လယ်ယာနှင့်လက်ဖက်ခူးခြင်းလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြသည်။

(ဃ) **ရွှေ့ပြောင်းလုပ်သားများ**

ကျွန်ုပ်တို့ကျေးရွာတွင် ရွှေ့ပြောင်းလုပ်သားများအနည်းငယ်ရှိ**ပါသည်။** အများအားဖြင့် ဝင်ငွေအတွက်သွားလာကြပါသည်။

(င) **ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက်**

ကုန်စည်စျေးကွက်အတွက်တန့်ယန်းမြို့**နှင့်မန်ကတ်စျေး**ကိုသာအဓိကသွားရောက်ရပ ါသည်။တစ်ချို့မိသားစုများသည်လားရှိုးစျေးအထိသွားရောက်ဝယ်ယူသူများလည်း ရှိပါ သည်။ ဒေသထွက်ကုန်များကို တန့်ယန်းစျေးသို့လည်း သွားရောက်ရောင်းချသူများလည်း ရှိပါသည်။တန့်ယန်းမြို့၏ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်မှာအသင့်အတင့်ကောင်းမွန်ပါ သည်။

(စ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျွန်တော်တို့ကျေးရွာရှိတောင်ယာလုပ်သူများသည် မိတ်ဆွေနှင့် ဆွေမျိုးများထံတွင် အတိုးမဲ့ဖြင့်ချေးငွေရယူကြပါသည် ။ သို့သော်လည်း ချေးငွေများကို လိုအပ်သည့် အချိန်တွင် လိုအပ်သလောက်ချေးနိုင်ရန် မလွယ်ကူပေ ။ ကျေးရွာတွင်း တောင်သူများသည် အများအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လတ်တလော ငွေချေးယူမှုများ ရှိပါသည်။ ချေးငွေချေးယူရခြင်း၏ အဓိကအကြောင်းအရင်းမှာ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်

ရန် ရင်းနှီး ငွေလိုအပ်ခြင်းတို့ဖြစ်ကြောင်း တွေ့ရှိရသည်။ ကျေးရွာတွင်းအကြွေးတင်ရှိမှု စစ်တမ်းကောက်ယူမှုအရ ဆင်းရဲသောအိမ်ထောင်စုများအားလုံး ကြွေးမှီတင်ရှိကြပြီးအနည်းဆုံးအကြွေး(၁)သိန်းကျပ်မှအများဆုံး (၂)သိန်းကျပ်အထိရှိကြောင်းတွေ့ရှိရပါသည်။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ရွာတွင်းပတ်လမ်းများသည် မြေသားလမ်းများသာဖြစ်ပါသည်။ ချဉ်းကပ်လမ်းသည်လည်းမြေသားလမ်းများသာ ဖြစ်ပါသည်။ ရွာချင်းဆက်လမ်း များသည် မြေသားလမ်းသာဖြစ်ပါသည်။ သွားရန်ခက်ခဲမှုရှိပါသည်။ နွေအခါမှသာအသုံးပြု နိုင်ပါသည်။ လမ်းမကြီးသာ ကျောက်**ကြမ်း**လမ်းဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးယာဉ် များအဖြစ် မော်တော်ဆိုင်ကယ် ၊ ထော်လာကျီ ၊ကား ကိုအသုံးပြုနေကြကြောင်းတွေ့ရှိရသည်။

(ခ) ကျေးရွာမီးလင်းရေး

အစိုးလျှပ်စစ်မီးကြိုးများ မရောက်နိုင်သောနေရာများ ဖြစ်သောကြောင့်မီးလင်းရေး အခက်အခဲရှိနေပါသည်။ အိမ်ထောင်(၅၁၀)စုသည်ဆိုလာမီးနှင့်အခြားမီးလင်း အသုံးဆောင်ပစ္စည်းများသုံးစွဲရပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင်MPTဖုန်းလိုင်းတစ်မျိုးသာရှိပါသည်။ ဖုန်းလိုင်းနှင့်ဆက်သွယ်ရေးမကောင်းမွန်ပါသည်။ဆက်သွယ်ရေးအနည်းငယ်ခက်ခဲပါသည်။

၇။ ပညာရေး

ကျေးရွာတွင်မူလွန်တန်းထိသာရှိပါသည်။ အထက်ကျောင်းအဖြင့်တန့်ယန်းသို့ သွားရောက်တက်ကြပါသည်။စာမတတ်သူဦးရေများပြီးမူလတန်းထိတက်ရောက်သူသာများပါသည်။ အလယ်တန်းနှင့်အထက်တန်းထိတက်ရောက်သူနည်းပါသည်။ ဘာသာစကားအခက်အခဲ၊ စားဝတ်နေရေးအခက်အခဲများ၊ လမ်းပန်းဆက်သွယ်ရေးများကြောင့် ပညာဆက်၍ မသင်ကြားနိုင်ခြင်းဖြစ်ကြောင်းလေ့လာတွေ့ရသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်တော်တို့ ကျေးရွာသည် အခြားကူးစက်နိုင်သော ရောဂါများ မရှိသောကျေးရွာဖြစ်ပါသည်။ သို့သော်လည်း ရာသီအလိုက် ဖြစ်တတ်သော အဖျားရောဂါ ၊ ဆီးချို ၊ သွေးတိုး၊ တုပ်ကွေးစသည့် ရောဂါများဖြစ်ပွားတတ်ကြောင်း လေ့လာတွေ့ရှိရသည်။ ရာသီအလိုက်ဖြစ်တတ်သော ရောဂါများနှင့် ကြီးမားသော ရောဂါ**များ**အတွက် တန့်ယန်းပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။တန့်ယန်းပြည်သူ့ဆေးရုံနှင့် (၂၂) မိုင်ခန့်ကွာဝေးပြီး မိုးရာသီတွင်သွားလာရန်ခက်ခဲ

ပါသည်။

နွေရာသီတွင်သန့်ရှင်းသော သောက်သုံးရေကိုစိမ့်စမ်းရေမှ ရရှိပါသည်။ကျွန်တော်တို့ ကျေးရွာအတွင်းအများစုမှာတွင်းအိမ်သာများကို(၉၅%)ရာခိုင်နှုန်းသာအသုံးပြုကြပါသည်။ (၅)ရာခိုင်နှုန်းသာ ယင်လုံအိမ်သာများကိုအသုံးပြုကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာရှိ စိုက်ပျိုးလယ်မြေ၊ တောင်ယာများတွင် ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးအချို့ သုံးစွဲပြီး ဗူးခွံများအား စနစ်တကျ စွန့်ပစ်ရန် လိုအပ်လျက်ရှိပါသည်။ ရွာတွင်း အမှိုက်သရိုက်များအား မီးရှို့ ဖျက်ဆီးသောကြောင့် ကျေးရွာပတ်ဝန်းကျင် အသင့်အတင့်သန့်ရှင်းကြောင်း တွေ့ရှိရပါသည်။ အခြား သဘာဝဘေး အန္တရာယ်များဖြစ်သော ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်းများ ဖြစ်ပေါ်ခြင်း နည်းပါးသည်။ ကျေးရွာအနီးအနားတွင် သယံဇာတပစ္စည်းများ မရှိပါ။ အမိုက်များကို စနစ်တကျ စွန့်ပစ်ရန်အတွက် အသိပညာပေး ခြင်းနှင့် ဆွေးနွေးခြင်းများ လို အပ်သည်ဟု လေ့လာတွေ့ရှိရပါသည်။

၁၀။ ကျား၊မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာအတွင်း ကျား-မရေးရာကိစ္စဆိုင်ရာ အခြေအနေမှာလွတ်လပ်မှုရှိသည်။ကျေးရွာတွင်း အမျိုးသမီးအဖွဲ့နှင့် အမျိုးသားအဖွဲ့ရှိသောကြောင့်သာရေး၊နာရေးကိစ္စရပ်များတွင် ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ကြပြီး ခွဲခြားဆက်ဆံခြင်းမျိုးများ မရှိကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် ယေဘုယျ အခြေအနေ သုံးသပ်ရပါကပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားနှင့်အမျိုးသမီးတန်းတူ အခွင့်အရေးရရှိကြောင်း တွေ့ရပါသည်။ သို့သော် ကျေးရွာတွင်း နေ့စားလုပ်အားခပေးချေမှုများတွင် မူအမျိုးသားများက ပိုမိုရရှိကြောင်းသိရပါသည်။

၁၁။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ကျွန်ုပ်တို့ကျေးရွာတွင် လူငယ်အဖွဲ့၊ အမျိုးသား/သမီးအဖွဲ့၊လူမှုရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားရှိသော ရပ်မိရပ်ဖအဖွဲ့၊ သာရေးနာရေးအသင်း၊ ဘာသာရေးအဖွဲ့အစည်းဟူ၍ အဖွဲ့ရှိပါသည်။ မိမိတို့ကျေးရွာတွင်းရှိ အဖွဲ့အစည်းများမှာ လုပ်ငန်းဆောင်ရွက်မှုအားကောင်းပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် အဆင်ပြေလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်လူငယ်အင်အားထု၊သာရေးနာရေးကိစ္စများတွင်တက်ကြွစွာပါဝင်လှုပ်ရှားမှုရှိပါသည်။ပန်းခြံ၊ပျော်ပွဲရွှင်ပွဲ ၊အကရုံ၊ အားကစားကွင်းနှင့်အထောက်အကူပစ္စည်းနှင့် စာကြည့်တိုက်များမရှိပါ ။ လူငယ်လူရွယ်အများစုသည်ကျေးရွာ၏သဘောသဘာဝအရလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပြီးလူငယ်အဖွဲ့ဖွဲ့စည်းထားရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျွန်တော်တို့ကျေးရွာတွင် လူကုန်ကူးမှု ၊ ခိုးမှု ၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိပါ ။ မှုခင်းအခြေအနေ မရှိသလောက်နည်းပါးသောရွာ ဖြစ်ပါသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက်(Project)	ဦးစားပေးအဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁	ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၁	✓	✓			
၂	ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၂		✓	✓		
၃	သန့်ရှင်းသောသောက်သုံးရေရရှိရေး	၃			✓	✓	
၄	ကွန်ကရစ်တံတားဆောက်လုပ်ခြင်း	၄				✓	✓
၅	ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၅					✓

အပိုင်း(ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ လွယ်ပန်ကျေးရွာ

ကျေးရွာ	လွယ်ပန်
ကျေးရွာအုပ်စု	– နားဟုတ်
မြို့နယ်	– တန့်ယန်းမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	– ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည်– ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • လက်ရှိအသုံးပြုလျက်ရှိသော ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပါသည်။ မိုးရာသီတွင် လမ်းပေါ်၌ရေစီးခြင်း၊ လမ်းပျက်ခြင်း၊ ရွှံ့ဗွက်များခြင်းများကြောင့် သွားလာရခက်ခဲပါသည်။ • သို့ဖြစ်ပါ၍ ကွန်ကရစ်လမ်းဆောင်ရွက်လိုခြင်းဖြစ်ပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • လက်ရှိအခြေအနေအား ပိုမိုကောင်းမွန်စေရန် ကွန်ကရစ်လမ်းခင်းလိုခြင်းဖြစ်ပါသည်။ မိုးရာသီတွင် လမ်းအသုံးပြုသွားလာရလွယ်ကူရန် ဆောင်ရွက်လိုခြင်း ဖြစ်ပါသည်။ • ရွာတွင်းလမ်းအား ရာသီမရွေးသွားလာအသုံးပြုနိုင်ရန် ဖြစ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် **(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)** • ကွန်ကရစ်လမ်းဖြစ်လာပါက ရာသီမရွေးအသုံးပြုသွားလာနိုင်ခြင်း၊ • လမ်းဘေးရေမြောင်းမှ ရေစီးသဖြင့်ရေစီးရေလာကောင်းမွန်ခြင်း၊ • လမ်းပေါ်ရေစီးခြင်း မရှိသည့်အတွက် လမ်းပျက်စီးမှု မရှိခြင်း။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) • ကွန်ကရစ်လမ်းဆောင်ရွက်ခြင်း၊ • ၇၈၀'x၁၂'x၆"	
စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု(ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀ (ငွေသား) • xxxxxxxxxxx (ငွေသား) • ၅၀၇၀၀၀၀ (ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၄၈၉	၁၄၁၈	၂၉၀၇	၄၀	၁၀၀	၃၀၀	၇၀	၅၁၀
အကျိုးခံစားမည့်ဦးရေ	၁၄၈၉	၁၄၁၈	၂၉၀၇	၄၀	၁၀၀	၃၀၀	၇၀	၅၁၀
မှတ်ချက်၊ ချောင်လည် အဆင့်-၁၊ အလယ်အလတ် အဆင့်-၂၊ ဆင်းရဲ ၃၊ အလွန်ဆင်းရဲ -၄								

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်

(၁) အကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

(၂) စီမံချက်စတင်မည့်အချိန်ခန့်မှန်း

- (၈ /၂၀၂၂)လ တတိယပတ်

(၃) စီမံချက်ပြီးစီးမည့်အချိန်

- (၁၀ /၂၀၂၂)လကုန်

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်

လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်မည့်လုပ်အားအတွက် ကျေးရွာသူ/ကျေးရွာသားများမှ ပါဝင်ဆောင်ရွက်သွားကြရန် သူကြီးမှ ဦးဆောင်၍ အစည်းအဝေးပြုလုပ်ပြီး စည်းရုံးဆောင်ရွက်ထားပြီးဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ချိန်တွင် နေ့ရက်အလိုက်သော်လည်းကောင်း၊ လုပ်ငန်းတတ်မြောက်မှုအလိုက်သော်လည်း တာဝန်ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် ကျေးရွာရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ အဓိက တာဝန်ယူဆောင်ရွက်သွားပါမည်။ လုပ်ငန်းဆောင်ရွက်ပြီးပါက ပြုပြင်ထိန်းသိမ်းရေးအတွက် ကျေးရွာမှ ကော်မတီသီးခြားဖွဲ့စည်းပြီး ကျေးရွာသူ ကျေးရွာသားအားလုံးသဘောတူသည့် ငွေကြေးဖြင့် လုပ်ငန်းပြင်ဆင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

နားဟုတ်ကျေးရွာအုပ်စု၊ လွယ်ပန်ကျေးရွာ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	မှတ်ချက်
၁	မိုင်းအိုက်ထွန်း	တာခင်းကျော်	၁၃/တယန(နိုင်)၀၇၉၉၃၉	၂၇	ဥက္ကဋ္ဌ	
၂	လွေးအေးလော့	ပေါ်လွေ့	၁၃/တယန(နိုင်)၀၈၀၀၅၉	၂၄	စာရင်းကိုင်	
၃	မိုင်းစံထော်	ဦးဆန်နော်	၁၃/တယန(နိုင်)၁၂၀၉၉၄	၂၄	ဘဏ္ဍာရေးမှူး	
၄	မိုင်းအိုက်ခမ်းအောင်	ပေါ်အိုက်ဆွဲ	၁၃/တယန(နိုင်)၁၀၀၂၅၆	၂၄	သော့ကိုင်-၁	
၅	မိုင်းလှအောင်	ကွန်လှအောင်	၁၃/တယန(နိုင်)၁၂၀၈၃၂	၂၅	သော့ကိုင်-၂	
၆	လွေးအေးကွယ်	ဦးပေါ်ဆိုင်ခမ်း	၁၃/တယန(နိုင်)၁၂၉၃၆၈	၁၈	အဖွဲ့ဝင်	
၇	လွေးအေးလှ	ကွန်လှအောင်	၁၃/တယန(နိုင်)၁၂၉၃၁၂	၁၉	အတွင်းရေးမှူး	

ဝယ်ယူရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	မှတ်ချက်
၁	လွေးအေးကွယ်	ဦးပေါ်ဆိုင်ခမ်း	၁၃/တယန(နိုင်)၁၂၉၃၆၈	၁၈	ဥက္ကဋ္ဌ	
၂	လွေးအေးလော့	ပေါ်လွေ့	၁၃/တယန(နိုင်)၀၈၀၀၅၉	၂၄	စာရင်းကိုင်	
၃	မိုင်းစံထော်	ဦးဆန်နော်	၁၃/တယန(နိုင်)၁၂၀၉၉၄	၂၄	ဘဏ္ဍာရေးမှူး	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၄၄	၄၇	၉၁		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၁၁	၁၇၃	၃၈၄	၁	၁
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၄၈	၂၀၅	၄၅၃	၁	
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၃၁	၁၇၃	၃၀၄	၁	၁
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၇၈၅	၈၀၃	၁၅၈၈	၅	၄
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၄၂	၄၅	၈၇	၁	၁
စုစုပေါင်း		၁၄၆၁	၁၄၄၆	၂၉၀၇	၉	၇
စုစုပေါင်း အိမ်ထောင်စု		၅၁၀				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင်အများအားဖြင့်လူလတ်ပိုင်းအများဆုံးတွေ့ရှိရပါသည်။ ဆင်းရဲသော အိမ်ထောင်စုများရှိ နို့စို့အရွယ်အလေးများသည် ကာကွယ်ဆေးမထိုးနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်း၊ ငွေကြေးမတက်နိုင်ခြင်းများကြောင့် မြို့သို့မသွားနိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်းလေ့လာ တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၄၄၇	၈၉၄	၁၅	၄၄၀	၄၅၄		မြင့် ☑လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆၃	၁၂၉	၁၁	၆၄	၆၅		မြင့် ☐ လတ်☐ နိမ့် ☑
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၄၄၇	၈၉၄	၁၅	၄၄၀	၄၅၄		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း	၂	၄		၄			မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		၁			မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။ "အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"** တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။။။ ကျွန်ုပ်တို့ကျေးရွာမှာ ဝင်ငွေရလုပ်ငန်းအမျိုးအစားလက်ဖက်လုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးကိုအဓိကထားလုပ် ကိုင်ကြပြီး အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာရှိကြပါသည်။တိရွဆန်များကို အိမ်းတွင်းတဝိုင်တနိုင်သာမွေးမြူကြကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်နှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်နှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၃၀၀၀	၂၀၀၀	၂၀၀၀	၁၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)					
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။။ ကျွန်ုပ်တို့ကျေးရွာတွင် တစ်နေ့လုပ်အားခ နှုန်းထားများမှာ ကျား-(၃၀၀၀မှ ၂၀၀၀) ထိ မ-(၂၀၀၀မှ ၁၅၀၀)ထိ ကာလပေါက်ဈေးရှိကြောင်း လေ့လာတွေ့ရှိရသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁၈၃	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၇၁၀	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၈၉၃	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ ကျွန်ုပ်တို့ကျေးရွာမှာ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ မြေအမျိုးအစားမှာ ယာမြေ/တောင်ယာမြေ ဧကစုစုပေါင်း (၈၉၃) ဧက ရှိပြီး မြေဩဇာအတင့်အသင့် ကောင်းမွန်ပါသည်။ မြေဩဇာအနည်းငယ်ထည့်ဝင်သုံးစွဲရကြောင်း လေ့လာတွေ့ရှိရပါသည်။တောင်ယာမြေများကြောင့်သစ်တောများ ပြုံးတီးကြောင်း လေ့လာတွေ့ရှိရပါသည်။ မြေလွတ်မြေရိုင်းများ အနည်းငယ်ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအပြောင်းအလဲ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☑မရှိ ☐	လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ ကျွန်ုပ်တို့ကျေးရွာသည်သဘာဝ ကျောက်၊ သဲ၊ ကျောက်စရစ်များ မထွက်ရှိပါ။ စိမ့်စမ်းရေကိုသာအသုံးပြုရပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်သာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ ဝေအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၄၀	၁၀၀	၃၀၀	၇၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။။။ ကျွန်ုပ်တို့ကျေးရွာ၏ ဥစ္စာဓန အဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု-၄၀စုဖြစ်ပြီး အလယ်အလတ်ရှိသောအိမ်ထောင်စု -၁၀၀ရှိပြီး မပြေလည်သောအိမ်ထောင်စု-၃၀၀စု၊ အလွန်မပြေလည်သော အိမ်ထောင်စု ၇၀စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ___ _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____ _____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လမှာ၂လအထိ ဝမ်းစာဖူလုံမှု	၇၀	၁၀	အခြားအစာပြောင်းလဲစား = ____ _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ ၃၀____ လုပ်အားခကြိုယူ = ____၄၀_____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။
လေ့လာတွေ့ရှိချက်။။။ ကျွန်ုပ်တို့ကျေးရွာ၏ ဝမ်းစာဖူလုံမှု အချိန်ကာလ၆လနှင့် ၁၂လကြား ဝမ်းစာဖူလုံမှု အိမ်ထောင်စု ၇၀စု အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု ၁၀စု ရှိပြီး အများစုမှာ ဝမ်းစာဖူလုံသော အိမ်ထောင်စုများဖြစ်ကြပါသည်။ ဝမ်းစာအခက်အခဲရှိသည့် အိမ်ထောင်စု အနည်းငယ်မှာ လုပ်အားခချေးယူလေ့ရှိကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁၀		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၇၀		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။။ ကျွန်ုပ်တို့ကျေးရွာတွင် သက်ကြီးရွယ်အိုများစောင့်ရှောက်မှုမလိုအပ်သေးပါ။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓				✓	
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ	✓			✓		
၅	တိုင်ဖုန်းမုန်တိုင်း	✓			✓		
၆	လေဆင်နာမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အပူလှိုင်း		✓			✓	
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓			✓		
၁၀	အအေးလှိုင်း		✓			✓	
၁၁	မိုးသီးကြွေကျမှု		✓			✓	
၁၂	မိုးခေါင်ခြင်း		✓			✓	
၁၃	တောမီးလောင်ခြင်း	✓			✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		
၁၆	မြေပြိုခြင်း	✓			✓		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓				✓	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓				✓	
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓				✓	
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		
၂၁	၄ကိဖျားရောဂါ		✓			✓	
၂၂	တီဘီရောဂါ	✓				✓	
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓				✓	
၂၄	ကပ်ရောဂါ		✓			✓	
၂၅	ပြည်တွင်းပဋိပက္ခ	✓				✓	
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		✓			✓	
၂၇	လူကုန်ကူးခြင်း	✓				✓	
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်			✓		✓	

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ-

အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စု၁၀၀ တွင် ၂၅ မှ ၅၀အိမ်ထောင်စု – လတ်၊

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။။။ ကျွန်ုပ်တို့ကျေးရွာတွင် လယ်ယာမြေကို အဓိက လုပ်ကိုင်ပြီး တောင်ယာအချို့လုပ်ကိုင်ရန် အတွက် သစ်ပင်များ ခုတ်လှဲခြင်း တောင်ယာမီးရှို့ ခြင်းများကြောင့် သစ်တောပြုန်းတီးမှုများ အနည်းငယ်ရှိပါသည်။ ကျေးရွာသောက်သုံးရေအတွက် စိမ့်စမ်းရေကို အသုံးပြုကြသော်လည်း ရေထွက် ဝန်းကျင်တွင် စနစ်တကျ စည်းရိုးခတ်ခြင်း၍ သန့်ရှင်းသော သောက်သုံးရေရရှိရန် ပြုလုပ်သင့်သည်ဟု လေ့လာတွေ့ရှိပါသည်။

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		✓	✓			
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု			✓	✓		
၃	ဆင်းရဲသားတောင်သူ			✓	✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	✓				✓	
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓				✓	
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ			✓		✓	
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	✓			✓		
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓			✓		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင်း အမျိုးသမီးအိမ်ထောင်စုများအား ကျေးရွာတွင်းရှိ ရပ်မိရပ်ဖ လူကြီးများက ဝိုင်းဝန်းစောင့်ရှောက်ခြင်းများရှိခြင်းကြောင့် ထိခိုက်လွယ်မှု အနည်းငယ်လျော့နည်းပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	အမျိုးသမီး/ အမျိုးသားအဖွဲ့	၁□၂☑၃□				ပညာရေး□ငွေကြေး□ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၂	လူငယ်အဖွဲ့	၁□၂☑၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၃	ကျောင်း ကော်မတီ	၁□၂☑၃□				ပညာရေး☑ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၄		၁□၂□၃□				ပညာရေး□ငွေကြေး☑ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၅		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၇		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့််။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။။။ ကျွန်ုပ်တို့ကျေးရွာတွင် အမျိုးသား/အမျိုးသမီး အဖွဲ့ ၊ လူငယ်အဖွဲ့ ၊ ကျောင်းကော်မတီ၊ စသည့် အဖွဲ့များရှိသည်။အမျိုးသမီးအဖွဲ့နှင့်လူငယ်အဖွဲ့များသည် သာရေးနာရေးကိစ္စများကို ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –မမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့် ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။ လေ့လာတွေ့ရှိချက်။။။ ကျွန်ုပ်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၇၀	၁၀	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၃၀၀	၁၀	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၀၀		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၄၀		တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၅၁၀	၂၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။။ ကျွန်ုပ်တို့ကျေးရွာ တွင်စိုက်ပျိုးမြေများကိုကိုယ်စီကိုယ်ငှပိုင်ဆိုင်ကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများမှာလယ်မြေများကိုအများအားဖြင့်ပိုင်ဆိုင်ကြပြီး ဆင်းရဲသောအိမ်ထောင်စုများမှာမြေဩ မတက်နိုင်သောကြောင့်ရွှေ့ပြောင်း တောင်ယာများကိုအများအားဖြင့်လုပ်ကိုင်ကြရပါသည်။ ဆင်းရဲသောတောင်သူများမှာ အများအားဖြင့် နေ့စားအင်္ဂါးလိုက်လုပ်ကိုင်သူများ များပြားကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ရာသီ အလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ရာသီ အလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး☐ရာသီ အလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ရာသီ အလိုက်☐	ရှိ☐မရှိ☐မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ☑		
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ☑	ရှိ□မရှိ□မဖြေဆိုပါ☑	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ☑	ရှိ□မရှိ□မဖြေဆိုပါ☑	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☑ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ☑
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်☑ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။။။ ကျွန်ုပ်တို့ကျေးရွာတွင်သောက်သုံးရေအဖြစ် စိမ့်စမ်းရေကိုသာ အဓိကအသုံးပြုကြပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေနှင့်ချောင်းရေကိုဓိကထား အသုံးပြုကြရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကိုသာရွေး ရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်းမျှ	မှ	ထိ			
လက်ဖက်	၇၁၀	ပိဿာ	၅၀	၁၀၀	၆၀	ဧပြီ	ဇူလိုင်	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်□ နိမ့်☑	မြင့်□လတ် □နိမ့်☑
စပါး	၁၈၃	တင်း	၃၅ တင်း	၄၅ တင်း	၄၀ တင်း	ဇွန်	ဒီဇင်ဘာ	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနှစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ			
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။။ စိုက်ပျိုးမြေဧက (၈၉၃)ဧကရှိပြီး လက်ဖက်နှင့် စပါးကို အဓိကထားစိုက်ပျိုးကြသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁			
လက်တွန်းထွန်စက်	၉၉			၂၅၀
အစေ့ချကိရိယာ				
